# ဗမာနိုင်ငံပျိုကွဲတော့မှာလား

ဗမာပြည်သားတွေ နှစ်ပေါင်းငါးဆယ်ကျော် စစ်အာဏာရှင်အောက်မှာ ကြောက်မက်ဖွယ် ဒုက္ခခံစားလာခဲ့ကြတယ်။ သို့သော်တနေ့ကျရင် စစ်ဗိုလ်ချုပ်တွေကို ငြိမ်းချမ်းစွာနဲ့ ဖြုတ်ချနိုင်တဲ့ တနေ့မှာ ပြောင်းလဲမှုကို ရရှိလာပြီး ဖက်ဒရယ်ဒီမိုကရေစီကို အစားထိုးနိုင်လိမ့်မယ်လို့ မျှော်လင့်လာခဲ့ကြတယ်။ ဒါပေမဲ့ စစ်အာဏာရှင်တွေက ရော်ဟင်ဂျာတွေကို လူမျိုးသုဉ်း သတ်ဖြတ်လာပြန်တဲ့အခါ ဖက်ဒရယ်ဒီမိုကရေစီဆိုတာ မျှော်လင့်စရာမရှိ ဖြစ်လာသည်သာမက ဒီတိုင်းပြည်ဟာ ဆက်လက်ရှင်သန် နိုင်ပါ့မလားဆိုတာ မေးစရာဖြစ်လာတယ်။

ဗမာနိုင်ငံဟာ ရှုံးနိမ့်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်ကစပြီး ၁၉၆၂ ခုနှစ်တိုင်အောင် တိုတောင်းတဲ့ အချိန်ကာလကအတွင်း နိုင်ငံခြားသားတွေကို တိုက်ထုတ်နိုင်ခဲ့ သူတွေက အုပ်ချုပ်လာခဲ့တယ်။ သမိုင်းကို ပြန်ကြည့်ရင် ဗမာဘုရင်တွေက ဗမာအင်ပါယာကို တည်ထောင်ဖို့ ဗမာမဟုတ်တဲ့ တိုင်းရင်းသား နယ်မြေနဲ့ ထိုင်းနိုင်ငံကိုပါ ကျူးကျော် သိမ်းပိုက်လာခဲ့တယ်။ ထို့နောက် တိုင်းရင်းသားတွေဟာ အင်္ဂလိပ်အုပ်ချုပ်မှုကို ခံခဲ့တယ်၊ ခုခေတ်မှာ ဗမာအာဏာရှင်တို့ရဲ့ အုပ်ချုပ်မှုကို ခံနေရတယ်။ တိုင်းပြည်တစ်ခုမှာ သင့်တယ်တဲ့ နယ်မြေရှိရမယ်၊ ကိုယ်ပိုင်အထိမ်းအမှတ်ရှိပြီး ငြိမ်းချောက်မှုကင်းစွာ နေထိုင်နိုင်တဲ့ နယ်မြေနဲ့ နေအိမ်ရှိရမယ်။ ဒါပေမဲ့ ဗမာနိုင်ငံမှာ ဒါတွေနဲ့ မပြည့်စုံဘူး။

လက်ရှိဒီမိုကရေစီဟာ အစစ်အမှန်မဟုတ်ဘူး၊ စစ်အာဏာရှင်တွေက အာဏာကို လုံးဝ ထိမ်းချုပ်ထားတယ်၊ တရားဥပဒေစိုးမိုးမှု ဆိုတာမရှိဘူး။ ရိုင်းစိုင်းစွာ ပြည်သူတွေကို ဖိနှိပ်နေမှု ရုပ်သိမ်းသွားဖို့ ဆိုတာမရှိဘူး။

စစ်အုပ်ချုပ်မှုကို ကြိုးကိုင်နေသူတွေအားလုံးဟာ ဗမာတွေဘဲဖြစ်တယ်။ သူတို့ဟာ အမျိုးသားရေးဝါဒီတွေ ဖြစ်ကြတယ်၊ ဗမာမဟုတ်တဲ့ အခြားအမျိုးသားတွေကို အောက်တန်းစား အညံ့စား ဇာတ်နိမ့်တွေလို့ ယူဆတယ်။ သူတို့က အခြားတိုင်းရင်းသားတွေကို ရက်စက်ပြီး လူမျိုးသုဉ်းအောင် သတ်ဖြတ်နေတဲ့အထိ ဖြစ်လာနေတော့ သူတို့ရဲ့လူ မျိုးကြီးဝါဒဟာ ပေါ်လွင်ထင်ရှားတယ်။

နိုင်ငံတော် ကယ်တင်ရှင်လိုဖြစ်တဲ့ အောင်ဆန်းစုကြည်ကလည်း ဗမာဘဲ၊ ခုသူမက စိတ်အပြည့်အဝနဲ့ တိုင်းရင်းသားတွေကို ရက်စက်နေတဲ့ စစ်အာဏာရှင်တွေကို ထောက်ခံနေတယ်။ သူမက သူတို့ရဲ့ ပြစ်မှုကျူးလွန်ခြင်းကိုဖုံးကွယ် ပေးတာသာမက၊ ရော်ဟင်ဂျာတွေကို လူမျိုးသုဉ်းသတ်ဖြတ်အောင်

လည်း လိုအပ်တဲ့အထောက်အကူတွေ ပေးသေးတယ်။ သူမရဲ့ ဗမာစစ်ဗိုလ် ပေါင်းဖော်တွေနဲ့ ပတ်သက်လာရင် သူမဉာဏ်ပါးစွာ လိမ်လည်ပြောဆိုတယ်၊ စစ်တပ်အပေါ် မကောင်းတာတစ်ခုမှ မပြောဘူး။

ဒီထက်မက သူမက တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာလည်း ဦးစီးဦးဆောင်ဖြစ်သေးတယ်။ ဒါပေမဲ့ ဒီငြိမ်းချမ်းရေးဆိုတာ အစစ်မဟုတ်ဘူး၊ တိုင်းရင်းသား လက်နက်ကိုင်တွေကို လက်နက်ချ အလင်းဝင်ခိုင်းဖို့ဘဲဖြစ်တယ်။

သူမရဲ့လိမ်ညာတဲ့ ငြိမ်းချမ်းရေးလမ်းစဉ်မှာ အချို့တိုင်းရင်းသားခေါင်းဆောင်တွေ ဖြားယောင်းမှုခံသွားကြပေမဲ့ အရေးပါပြီး အင်အားကြီးတဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေက ရှောင်ကွင်း သွားနိုင်ပြီးတော့ မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် မဟာမိတ် အဖွဲ့လို့ ဖွဲ့စည်းလာခဲ့ကြကာ လုံးဝခြားနားတဲ့ စေ့စပ်ဆွေးနွေးရေးအတွက် တောင်းဆိုလာကြတယ်။ ထိုတောင်းဆိုမှုအတွက် ဗမာတပ်မတော်က အကြီးအကျယ် ဒေါသထွက်ပြီး မြောက်ပိုင်း မဟာမိတ်တပ်ပေါင်းစုကို စတင်တိုက်ခိုက်လာတဲ့အတွက် ပြည်တွင်းစစ် ပြန်လည် စတင်လာတယ်။

အောင်ဆန်းစုကြည်လည်း ခြေကျိုးနေတဲ့ ဝမ်းဘဲ၊ အိုပြီးခြေကျိုးနေတဲ့ ဝမ်းဘဲလို ဖြစ်တယ်။ သူမမှာ အာဏာအစစ်အမှန်မရှိတာသာမက မကြာမီ သူမ နိုင်ငံရေးဇာတ်ခုံကနေ ဖယ်ထုတ်ခံရတော့မယ်။

စစ်အာဏာရှင်တွေက သူတို့စစ်အာဏာပိုင်တွေသာ တိုင်းပြည် ကယ်တင်ရှင် ဖြစ်တယ်ဆိုတဲ့ သူတို့ကြာရှည်စွာ ဆွဲကိုင်လာခဲ့တဲ့ မူကိုဝါဒဖြန့်ပြီး ရော်ဟင်ဂျာတွေနဲ့ အခြားဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေကို ဆန့်ကျင်မုန်းတီးဖို့ ဝါဒဖြန့်နေပြီ။ ထို့ပြင် စစ်အာဏာပိုင်တွေက လာမည့် ၂၀၂၀ ရွေးကောက်ပွဲအတွက်လည်း သေချာပြင်ဆင်ထားပြီ ဖြစ်တယ်၊ သူတို့နေရာအများစုမှာ အနိုင်ရမယ်ဆိုတာ သေချာသလောက်ဖြစ်တယ်။ NLD နဲ့ စုကြည်ကတော့ လွယ်လွယ်လေး ပျောက်ကွယ်သွားမယ်၊ ဘာဖြစ်လို့လဲဆိုတော့ စုကြည်က ခိုင်မာအားကောင်းတဲ့ မျိုးဆက်သစ် လူငယ်ခေါင်းဆောင်သစ်တွေ ပေါ်ထွန်းရေး ကိုပိတ်ဆို့ထားတယ်။ နောက်ဆုံးအနေနဲ့ နိုင်ငံတကာ လူ့အဖွဲ့အစည်းတွေက စစ်အာဏာရှင်တို့ရဲ့ ဆယ်စုနှစ် ခြောက်ခုအတွင်း လူသားအပေါ်ကျူးလွန်လာခဲ့တဲ့ ပြစ်မှုတွေမှာ သူမ ဘယ်လို ပူးပေါင်းပါဝင် နေသလဲဆိုတာကို အကဲခတ်စောင့်ကြည့်နေပြီး၊ တဘက်မှာ ဘဏ္ဍာရေး အမြတ်ငွေရဖို့ အခွင့်ရေးအတွက်သာ လုပ်ဆောင်နေကြတယ်။ ပြောမယ်ဆိုရင် ဒါဟာ နိုင်ငံတကာ လူမှုစံနှုန်းကို အရေးမထားဘဲ လုံးဝရောင်းစားရာ ရောက်တယ်။

အချုပ်အားဖြင့်ပြောရရင် အောင်ဆန်းစုကြည်အပါအဝင် ဗမာနိုင်ငံကို အုပ်ချုပ်သူတွေ အားလုံးဟာ အစွန်းရောက် ဗမာအမျိုးသားရေး ဝါဒီတွေဖြစ်ကြတယ်။ သူတို့ဟာ နာဇီဝါဒီတွေနဲ့ ထပ်တူထပ်မျှဖြစ်တယ်။ သူတို့က အခြားဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေကို ဂရုမစိုက်ဘူး၊ တိုင်းရင်းသားနယ်မြေကို ကျူးကျော်ဖျက်ဆီးတယ်၊ သူတို့ဗမာတွေအတွက် အကျိုးရှိမယ်ဆိုရင် အခြားတိုင်းရင်းသားတွေကို အပြတ်ရှင်းဖို့လုပ်နေကြတယ်။ အဲဒီမှာ ဗမာတွေရဲ့ စိတ်အပြောင်းအလဲ ရှိလာမယ်လို့ မျှော်လင့်စရာ အကြောင်းမရှိဘူး။ အကယ်၍ ဗမာတွေရဲ့ကြံစည်မှုမှာ ဖြောင်ပူးပေါင်းပါဝင်နေတာမဟုတ်ရင်၊ နိုင်ငံတကာလူထုတွေ အနေနဲ့လည်း သူတို့ကိုထပ်ပြီး ထောက်ခံဖို့ ငြင်းဆန်လာတယ်။

ရော်ဟင်ဂျာတွေကို လူမျိုးသုဉ်း သတ်ဖြတ်မှုကျူးလွန်တာဟာ ဗမာမဟုတ်တဲ့ အခြားတိုင်းရင်းသားအားလုံး နိုးထဖို့ စိန်ခေါ်ချက်ဘဲ။ ဘာဖြစ်လို့လဲဆိုတော့ နောက်မှာ ခင်ဗျားတို့ပေါ်မှာလည်း ဒီလိုမျိုးဖြစ်လာမှာဖြစ်တယ်၊ (ဖြစ်လဲဖြစ်နေတာဘဲ)။ ဘာကို ခင်ဗျားတို့ ရွေးရမှာလဲ။ ဒီတိုင်းနေပြီး အညံ့ခံမလား၊ ဒါမှမဟုတ် ခင်ဗျားတို့ရဲ့ လမ်းစဉ်အရ တန်ပြန်တိုက်မလား။ ထာဝရ ရှုံးနိမ့်မှုကိုခံသွားမလား၊ သို့မဟုတ် အစဉ်ထာဝရ ငြိမ်းချမ်းရေးနဲ့ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်သွားမလား။

ဒီလိုမျိုးအဖြစ်အပျက်တွေဟာ ဖြစ်လေ့ဖြစ်ထ မရှိတဲ့ဟာမျိုး မဟုတ်ဘူး။ ဒီလိုအဖြစ်မျိုးက ယူကိုဆလားဗီးယား၊ ဆူဒန်၊ လက်ရှိဖြစ်နေတဲ့ စပိန်နိုင်ငံက ကသာလော်နီးယား၊ ပြီးတော့ ကတ်နှင့် တူရကီ၊ ဆီးရီးယား၊ အီရတ်၊ အီရန် (သူတို့တွေက ကတ်လူမျိုးတို့ရဲ့ နယ်မြေအများပိုင်းကို ထိန်းချုပ်ထားကြတယ်)။ တန်ပြန် ဆန့်ကျင့်တိုက်ခိုက်ရေး တိုင်းရင်းသား ခေါင်းဆောင်တွေအနေနဲ့ သူတို့အမျိုးသားတွေရဲ့ ထောက်ခံမှုကို ရယူပြီး လွတ်လပ်ရေး ကြေညာဖို့ဖြစ်တယ်။

ဒါဟာခင်ဗျားတို့ ပိုင်တဲ့နယ်မြေဘဲ။ ဗမာအာဏာရှင်များကို ခင်ဗျားတို့ မောင်းထုတ်နိုင်တယ်။ အကယ်၍ တိုင်းရင်းသားတွေ အားလုံးပေါင်းပြီး ဗမာတပ်မတော်ကို အဖက်ဖက်ကနေ တိုက်ကြမယ်ဆိုရင် ခင်ဗျားတို့ စဉ်းစားတာထက်တောင် လွယ်အုန်းမယ်။ ဗမာတပ်မတော်ဟာ အနိုင်တိုက်ဖို့ လုံးဝမဖြစ်နိုင်တဲ့ တပ်မဟုတ်ဘူး။ သူ့မှာ ပြည်သူရဲ့ ထောက်ခံမှုမရှိဘူး၊ စိတ်ဓာတ် ကြံ့ခိုင်မှုမရှိဘူး၊ စုဆောင်းထားတဲ့ ကလေးစစ်သားတွေ အပေါ် မှီခိုနေရတယ်။ ဗမာတပ်သားတွေမှာ ခံယူချက် ဘာမှမရှိဘူး၊ အမိန့်ကို နာခံသူတွေသာဖြစ်တယ်။ သူတို့မှာ လက်နက်ကောင်းတွေရှိပေမဲ့၊ ခင်ဗျားတို့မှာ ရည်ရွယ်ချက် အခိုင်အမာရှိတယ်၊ ပြီးတော့နယ်မြေ ကျွမ်းကျင်မှုမှာ အားသာတယ်။ နောက်ဆုံးအရ ခုချိန်ဟာ ခင်ဗျားတို့ လွတ်မြောက်ရေးအတွက် အချိန်ကောင်းဘဲ မဟုတ်လား။

By Mr. Roland, Dictator Watch.